# ပန်းမန်သစ်ခွစုံလင်လှ၊ လူမှုဘဝသာယာလှ

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းရှိ ကဆောထယ်နှင့် သောသီဖေါ်ဂေါ်ကျေးရွာပိုင်ဘုံသစ်တောနှစ်ခု၏ စီမံခန့်ခွဲရေးကို
အရှိန်မြင့်တင်စေမည့် ဒေသခံဌာနေကရင်တိုင်းရင်းသူများကိုယ်တိုင်ပြုလုပ်သော သစ်ခွပန်း သုတေသန

## အစီရင်ခံစာအကျဉ်းချုပ်



ကဆောထယ်ကျေးရွာပိုင်ဘုံသစ်တောကော်မတီနှင့် ကရင်သဘာဝပတ်ဝန်းကျင်နှင့်လူမှုလုပ်ရှားမှုကွန်ရက်တို့မှ
ပူးတွဲပုံနှိပ်ထုတ်ဝေသည်။

KESAN

# ပန်းမန်သစ်ခွစုံလင်လှ၊ လူမှုဘဝသာယာလှ

ဒေသတွင်းသုတေသနအတွဲ (၄)

ကဆောထယ်ကျေးရွာပိုင်ဘုံသစ်တောကော်မတီနှင့် ကရင်သဘာဝပတ်ဝန်းကျင်နှင့်လူမှုလှုပ်ရှားမှုကွန်ရက်တို့မှ ပူးတွဲပုံနှိပ်ထုတ်ဝေသည်။

ပုံနှိပ်ထုတ်ဝေသည့်နေ့စွဲ

ဇူလိုင် ၂၀၁၈ ခုနှစ်

ဆက်သွယ်ရန်

KESAN

P.O Box 204, Prasing Post Office

Muang, Chiang Mai, Thailand 50205

Email: info@kesan.asia

Website: www.kesan.asia

Facebook: Karen Environmental and Social Action Network (KESAN)

# ပန်းမန်သစ်ခွစုံလင်လှ၊ လူမှုဘဝသာယာလှ


အစီရင်ခံစာဦးဆောင်ရေးသားသူ

နော်ပုလဲ

သုတေသီများ

နော်ပုလဲ၊ နော်ဆာယူ၊ နော်ဘေ့ဝါးဖေါ၊ နော်ဘယူးထီးစေး၊ နော်ဘူးလာပလော၊
နော်မူးခိုဖေါ

အကြံပေးပုဂ္ဂိုလ်များ

စောဘလောထူး၊ စောဖေါလ်စိန်ထွား

အစီရင်ခံစာ စီစစ်သူ

စောဘလောထူး၊ စောဖေါလ်စိန်ထွား၊

ပုံနှိပ်ဇီဇိုင်း

နော်ဆီးဆီ

ဓါတ်ပုံ

အမျိုးသမီးသုတေသီအဖွဲ့

ဘာသာပြန်

စောစိုးဒို



မူပိုင်ခွင့်

ကရင်သဘာဝပတ်ဝန်းကျင်နှင့်လူမှုလှုပ်ရှားမှုကွန်ရက်ကို ဆက်သွယ်ပါ။



# မာတိကာ


အစီရင်ခံစာအကျဉ်းချုပ်...................................................... 5

နောက်ခံသမိုင်းအကျဉ်းချုပ်.................................................. 8

မှတ်တမ်းတင်နိုင်ခဲ့သော သစ်ခွပန်းမျိုးစိတ်များကို ထပ်မံလေ့လာခြင်း... 12

အမျိုးသမီးသုတေသီအဖွဲ့...................................................... 19

အကြံပြုချက်များ.............................................................. 20

နောက်ဆက်တွဲ (၁) သစ်ခွပန်းမျိုးစိတ်၊ အမည်နှင့် အခြေအနေ........... 21

နောက်ဆက်တွဲ (၂) သစ်ခွပန်းမျိုးစိတ်၊ ဒေသအမည်နှင့် သိပ္ပံအမည်..... 26

စောအိုမူးအား အောက်မေ့အရိုအသေပေးဂုဏ်ပြုခြင်း........................ 83

# အစီရင်ခံစာအကျဉ်းချုပ်

ဤ "ပန်းမန်သစ်ခွစုံလင်လှ၊ လူမှုဘဝသာယာလှ" အစီရင်ခံစာသည် ကော်သူးလေ၊ ကရင်ပြည်နယ်၊ မူတြော် (ဖာပွန်) ခရိုင်တွင်တည်ရှိသည့် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အတွင်းရှိ ကျေးရွာပိုင်ဘုံသစ်တောနှစ်ခုဖြစ်သော ကဆောထယ်နှင့်သောသီဖေါ်ဂေါ်သစ်တောနှစ်ခု၌ ပြုလုပ်ခဲ့သည့် သစ်ခွပန်းသုတေသနတွေ့ရှိချက်များကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ထိုသစ်ခွပန်းသုတေသနကို ဒေသခံ ဌာနေကရင်အမျိုးသမီးများကိုယ်တိုင် ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကရင်သဘာဝပတ်ဝန်းကျင်နှင့်လူမှုလှုပ်ရှားမှုကွန်ရက် (KESAN) ၏ အမျိုးသမီးသုတေသီအဖွဲ့က တထောင့်တနေရာကနေ ကူညီပံ့ပိုးပေးခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ သစ်ခွပန်းများနှင့်ပတ်သက်ပြီး သုသေသနပြုလုပ်ခဲ့ရာတွင် အဆိုပါဒေသအတွင်း မျိုးစု (၃၇) မျိုးကဆင်း သက်လာသော သစ်ခွမျိုးစိတ် ၁၂၁ မျိုးရှိကြောင်းကို မှတ်တမ်းတင်နိုင်ခဲ့သည်။ ထိုအထဲတွင် သိပ္ပံအမည်နှင့်တကွ ဖေါ်ထုတ်မှတ်တမ်းတင်နိုင်ခဲ့သော သစ်ခွမျိုးစိတ်မှာ ၁၁၇ မျိုးရှိပြီး ကျန်ရှိသောသစ်ခွမျိုးစိတ် ၄ မျိုး၏သိပ္ပံအမည်ကိုမူ မဖေါ်ထုတ်နိုင်သေးပါ။ ဤသည်မှာ သစ်ပင်ပေါ်တွင်ပေါက်ရောက်သော သစ်ခွပန်းမျိုးစိတ်များသာဖြစ်သည်။ နောင်တွင် မြေပေါ်ပေါက်ရောက်သော သစ်ခွပန်းမျိုးစိတ်များကိုပါ ထပ်မံလေ့လာမည်ဆိုပါက ယခုတွေ့ရှိချက်ထက်ပိုပြီးများသော သစ်ခွပန်းမျိုးစိတ်အရေအတွက်ကို ပိုမိုတွေ့ရှိရမည်မှာ အသေအချာဖြစ်ပေသည်။

အထက်ပါတွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့သော သစ်ခွပန်းမျိုးစိတ်များထဲက Paphiopedilum villosum (ဒေသအခေါ်အရ ဖေါနာဒဲ) သစ်ခွသည် နိုင်ငံတကာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်း (IUCN) ၏သတ်မှတ်ချက်အရ မလုံခြုံသောအခြေအနေ(IUCN VU) တွင်ရှိနေသည့် သစ်ခွမျိုးစိတ်တမျိုးဖြစ်သည်။ ထို့ပြင် ၎င်းမျိုးစိတ်သည် မျိုးဆက်ပျက်သုဉ်းလုဆဲတောရိုင်းတိရစ္ဆာန်နှင့်သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် (CITES) ၏အဆင့်အတန်းသတ်မှတ်ချက်နောက်ဆက်တွဲ (က) Appendix I စာရင်းဝင် သစ်ခွမျိုးစိတ်တမျိုးလည်းဖြစ်သောကြောင့် ကူးသန်းရောင်းဝယ်ခြင်းမှ ကန့်သတ်ထားသော မျိုးစိတ်တမျိုးလည်းဖြစ်သည်။ ကျန်ရှိသော အခြားသစ်ခွမျိုးစိတ် ၉၄ မျိုးသည်လည်း (CITES) ၏အဆင့်အတန်းသတ်မှတ်ချက်နောက်ဆက်တွဲ (ခ) Appendix II စာရင်းတွင် ဖေါ်ပြထားသော သစ်ခွမျိုးစိတ်များဖြစ်သည်။







တွေ့ရှိခဲ့ရသော သစ်ခွမျိုးစိတ်အားလုံးထဲက ၁၀ မျိုးသည် ရှေးယခင်ကတည်းကနေဆင်းသက်လာသော ဌာနေကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု၊ အယုံအကြည်နှင့် အသက်ရှင်နေထိုင်မှု၊ စသည်တို့နှင့် ဆက်နွယ်သောသစ်ခွပန်းမျိုးစိတ်များဖြစ်သည်။

ဒေသခံ ဌာနေကရင်တိုင်းရင်းသူများသည် ၎င်းတို့သုတေသနပြုလုပ်ခဲ့သည့်အချိန်အတောအတွင်း စိန်ခေါ်မှု၊ အခက်အခဲများစွာနှင့်ရင်ဆိုင်ခဲ့ရသော်လည်း ၎င်းတို့ကိုယ်တိုင်အတွက်နှင့် ၎င်းတို့ပတ်ဝန်းကျင်ရှိလူမှုအသိုင်းအဝန်းအတွက်၊ အထူးသဖြင့် ကျေးရွာပိုင်ဘုံသစ်တောစီမံခန့်ခွဲရေးတွင် အမျိုးသမီးများဦးဆောင်ပါဝင်လိုစိတ် ထက်သန်လာစေရန်အတွက် အကျိုးကျေးဇူးနှင့်အတွေ့အကြုံကောင်းများကို ရရှိဖလှယ်နိုင်ခဲ့သည်။

ကဆောထယ်နှင့် သောသီဖေါ်ဂေါ်ကျေးရွာပိုင်ဘုံသစ်တောများအတွင်း ယခုအချိန်အထိ သဘာဝအရင်းအမြစ်နှင့်ဇီဝမျိုးကွဲများ ကြွယ်ဝရခြင်းမှာ ၎င်းသစ်တောများသည် ရှေးယခင်ကတည်းကနေယခုအထိ ဌာနေလူထု၏ စီမံခန့်ခွဲထိန်းသိမ်းမှုအောက်တွင်တည်ရှိလာသောကြောင့်သာ ယခုကဲ့သို့ ဇီဝမျိုးကွဲများစွာ၊ ဥပမာ - ဖေါ်ပြခဲ့သည့်အတိုင်း ယခုအချိန်အထိ သစ်ခွမျိုးစိတ်စုံလင်စွာတည်ရှိနိုင်ခြင်းသာဖြစ်သည်ကို ဒေသခံဌာနေကရင်တိုင်းရင်းသူများကိုယ်တိုင်ပြုလုပ်ခဲ့သော ဤသုတေသနကြောင့် ကျွန်ုပ်တို့ ပိုမိုနားလည်လာရသည်။ သို့သော်လည်း ယနေ့အချိန်တွင် များပြားလာသောတောထွက်ပစ္စည်းတရားမဝင်ကူးသန်းရောင်းဝယ်မှုကြောင့်နှင့် မြန်မာစစ်တပ်၏ နစ်စဉ်တောမီးရှို့မှုကြောင့် သစ်ခွပန်းမျိုးစိတ်များ၏အနာဂါတ်မှာ စိုးရိမ်ရသည့်အခြေအနေထဲတွင် ရှိပါသည်။



## နောက်ခံသမိုင်းအကျဉ်းချုပ်

ကဆောထယ်နှင့် သောသီဖေါ်ဂေါ်ကျေးရွာပိုင်ဘုံသစ်တောနှစ်ခုသည် မူတြော် (ဖာပွန်) ခရိုင်မြောက်ပိုင်း၊ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်း၌ တည်ရှိသည်။ အဆိုပါသစ်တောများထဲတွင် ဌာနေကရင်တိုင်းရင်းသားလူထုက အမြတ်တနိုးတန်ဘိုးထားသော၊ ယုံကြည်ကိုးကွယ်သော သက်ရှိဇီဝမျိုးကွဲနှင့်သဘာဝအရင်းအမြစ်များစွာ ကြွယ်ဝတည်ရှိနေပါသည်။ ထိုသစ်တောများကို နတ်ကောင်းနတ်မြတ်တို့၏ဘုံဟုပင် ဌာနေကရင်လူထုက သမုတ်ခေါ်ဝေါ်ကြသည်။ ထိုဒေသများအတွင်းနေထိုင်လာခဲ့သော ဌာနေကရင်တိုင်းရင်းသားလူထုတို့သည် ၎င်းတို့၏မိရိုးဖလာဓလေ့ထုံးတမ်းအစဉ်အလာ၊ အသိပညာအတတ်ပညာနှင့် အယုံအကြည်များကိုအသုံးချပြီး ထိုသစ်တောများကို မျိုးရိုးစဉ်ဆက် အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်စီမံခန့်ခွဲလာကြသည်။ ထို့ကြောင့်လည်း ထိုသစ်တောများအတွင်းရှိ ဇီဝမျိုးကွဲနှင့်သဘာဝအရင်းအမြစ်များမှာ ယနေ့အထိကြွယ်ဝစွာ တည်ရှိဆဲ ဖြစ်သည်။

၁၉၉၆ - ၉၇ ခုနှစ်၌ မြန်မာတပ်မတော်သည် မူတြော်ခရိုင်အတွင်း ပြင်းထန်သော ထိုးစစ်များဆင်ကာ နယ်မြေရှင်းလင်းမှုများ လုပ်ဆောင်ခဲ့ခြင်းကြောင့် ထိုဒေသရှိ ဌာနေကရင်တိုင်းရင်းသားလူထုများမှာ တောထဲတောင်ထဲ ထွက်ပြေးတိမ်းရှောင်နေထိုင်ခဲ့ရသည်။ နှစ်ပေါင်းများစွာ တောနက်ထဲတွင် တောင်ယာခုတ်ကာ အသက်ရှင်နေထိုင်ခဲ့ရသော်လည်း ဌာနေကရင်တိုင်းရင်းသားလူထုတို့သည် ၎င်းတို့၏မိရိုးဖလာဓလေ့ထုံးတမ်းနှင့် အယူအဆများကို မမေ့လျော့ခဲ့ပါ။ ၎င်းတို့ အချင်းချင်းလက်တွဲကာ သူတို့၏ဘိုးဘွားမြေကို စိတ်အားထက်သန်စွာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ခြင်းကြောင့် မူတြော်ခရိုင် ကရင်အမျိုးသားအစည်းအရုံးခေါင်းဆောင်များ (KNU) နှင့် KESAN တို့က ၎င်းတို့ကို တထောင့်တနေရာကနေ တတ်နိုင်သမျှပံ့ပိုးကူညီလာခဲ့သည်။ ၎င်းတို့၏ကြိုးပမ်းမှုက အောင်မြင်မှုရလာသည်နှင့်အမျှ ၎င်းတို့၏ကြိုးပမ်းအားထုတ်မှုအကြောင်းကိုလည်း လူသိများလာခဲ့သည်။ ထို့ပြင် ကဆောထယ်နှင့်သောသီဖေါ်ဂေါ်သစ်တောများသည် ဒေသခံဌာနေကရင်တိုင်းရင်းသားလူထုတို့၏ ဓလေ့ထုံးတမ်းယဉ်ကျေးမှုနှင့်အပြန်အလှန်ဆက်နွယ်နေသည်ကို ပြည်တွင်းပြည်ပရှိ အများပြည်သူက လက်ခံအားပေးလာခဲ့ကာ သဘာဝပတ်ဝန်းကျင်နှင့်မိမိတို့၏ဓလေ့ထုံးတမ်းယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အားထုတ်ကြိုးပမ်းသော ဌာနေကရင်တိုင်းရင်းသားလူထုများကို ငွေကြေးရန်ပုံငွေများဖြင့် ထောက်ပံ့အားပေးလာခဲ့သည်။

သို့သော် ၂၀၀၅ ခုနှစ်မှစပြီး ပြင်ပမှသစ်ခွပန်းရောင်းဝယ်သူများက ဒေသအတွင်းဝင်ရောက်လာခဲ့ကာသစ်ခွပန်းများကို ဈေးနှုန်းကောင်းပေးပြီး ဝယ်ယူခဲ့ခြင်းကြောင့် ကဆောထယ်နှင့်သောသီဖေါ်ဂေါ်သစ်တောများအတွင်းနှင့် အနီးတဝိုက်တွင် တရားမဝင်သစ်ခွပန်းရောင်းဝယ်မှုများ တဖြည်းဖြည်းစတင်လာခဲ့သည်။ ၂၀၁၁ နှင့် ၂၀၁၂ နှစ်များသို့ရောက်ရှိချိန်တွင် သစ်ခွပန်းရောင်းဝယ်မှုများစွာရှိခဲ့သည်။ ခန့်မှန်းခြေအရ နှစ်စဉ်ပိသာချိန် သောင်း နှင့်ချီသောသစ်ခွပန်းများမှာ အထက်ကဖေါ်ပြခဲ့သောသစ်တောများထဲမှ ထုတ်ယူခူးဆွတ်ရောင်းစားခြင်းခံခဲ့ရသည်။

ထိုအရာထက်ပို၍ဆိုးရွားသောအရာမှာ ယနေ့ချိန်ခါ၌ သစ်ခွပန်းနှင့် ၎င်း၏အဖိုးတန်မှုမည်သို့ရှိသည်နှင့်ပတ်သက်ပြီး ကရင်လူမျိုးတို့တွင် အသိပညာများလွန်စွာနည်းပါးဆုတ်ယုတ်လာပြီဖြစ်သည်။ သစ်ခွပန်းနှင့်ပတ် သက်ပြီး သေသေချာချာသုတေသနခြင်းမှတဆင့် ပြုစုမှတ်တမ်းတင်ထားမှုများမရှိသောကြောင့် သစ်ခွပန်းမျိုးစိတ် မည်မျှရှိသည်၊အရေအတွက်များစွာရှိနေသေးသလော၊ သို့မဟုတ် နည်းပါးသွားပြီလော၊ သစ်ခွပန်းများက သဘာဝပတ်ဝန်းကျင်နှင့်ကရင်လူမျိုးတို့၏ ဓလေ့ထုံးတမ်းယဉ်ကျေးမှုများအတွက် မည်မျှအရေးကြီးသည်၊ စသည်များနှင့်ပတ်သက်ပြီး သေသေချာချာရေးသားထုတ်ပြန်ထားသော အချက်အလက်များကိုမတွေ့ရပါ။ ဇီဝမျိုးကွဲဖျက်စီးမှု သို့မဟုတ် ရောင်းဝယ်ဖေါင်းကားမှုများစွာကြောင့် အချို့သောသစ်ခွမျိုးစိတ်များပင်ကျွန်ုပ်တို့ မသိရှိဘဲ ပျောက်ကွယ်ကောင်း ပျောက်ကွယ်သွားနိုင်သည်။

ယခုကဲ့သို့စိုးရိမ်ရသည့်အခြေအနေများရှိလာခဲ့ခြင်းကြောင့် (၁) သစ်ခွပန်းမျိုးစိတ်နှင့်အရေအတွက်များကို စနစ်တကျမှတ်တမ်းတင်ခြင်း နှင့် (၂) သစ်ခွပန်းရောင်းဝယ်မှုများကိုအမြန်ဆုံးရပ်တန့်သွားရန် လုပ်ဆောင်ခြင်း၊ စသည့်အရာနှစ်ခုကို လုပ်ဆောင်ရန် လိုအပ်လာခဲ့သည်။ ထို့ကြောင့် နောက်ပိုင်းတွင် ကဆောထယ်ကျေးရွာပိုင်ဘုံသစ်တောကော်မတီ၊ မူတြော်ခရိုင်ကော်သူးလေသစ်တောဌာန နှင့် KESAN တို့အတူတကွတိုင်ပင်ဆွေးနွေးမှုများပြုလုပ်ခဲ့သည့်နောက်တွင် ကဆောထယ်နှင့်သောသီဖေါ်ဂေါ်သစ်တောနှစ်ခုအတွင်း သစ်ခွပန်းသုတေသန ပြုလုပ်ရန်ဆုံးဖြတ်ချက်ချခဲ့သည်။

ပန်းများသည် အမျိုးသမီးများအတွက် အရေးကြီးရတနာတမျိုးဖြစ်ပြီး အမျိုးသမီးတွင်ရှိသော ပန်းများနှင့်ပတ်သက်သည့်အသိပညာမှာ အမျိုးသားများထက် ပိုမိုနက်ရှိုင်းသည်ဟုဌာနေကရင်တိုင်းရင်းသားလူထုတို့က ယုံကြည်ကြသည်။ ထို့ကြောင့် ကဆောထယ်ကျေးရွာပိုင်ဘုံသစ်တောကော်မတီသည် ကဆောထယ်ကျေးရွာပိုင်ဘုံသစ်တော၏ အမျိုးသမီးသုတေသီအဖွဲ့အား KESAN ၏ အမျိုးသမီးသုတေသီအဖွဲ့နှင့်လက်တွဲကာ သစ်ခွပန်းသုတေသနကို ပြုလုပ်ရန်အခွင့်အာဏာပေးအပ်ခဲ့သည်။

ယခုအစီရင်ခံစာသည် လွန်ခဲ့သော ၅ နှစ်တာကာလအတွင်း လုပ်ဆောင်ခဲ့သော အထက်ပါသစ်ခွပန်းသုတေသနမှရရှိခဲ့သည့်တွေ့ရှိချက်များကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ တွေ့ရှိခဲ့သော သစ်ခွပန်းမျိုးစိတ်အရေအတွက်၊ နိုင်ငံတကာက သတ်မှတ်ထားသော ခြိမ်းခြောက်ခံနေရသည့်ဇီဝမျိုးကွဲများစာရင်းထဲတွင် ယခုသစ်ခွပန်းများက မည်သည့်အဆင့်တွင်ရှိနေသည်၊ သစ်ခွပန်းမျိုးစိတ်အချို့နှင့် ဌာနေကရင်တိုင်းရင်းသားတို့၏ဓလေ့ရိုးရာယဉ်ကျေးမှုတို့အကြားဆက်နွယ်မှုများ၊ စသည်တို့ကို ဤအစီရင်ခံစာတွင် ဖေါ်ပြထားသည်။ ထို့ပြင် သစ်ခွပန်းသုတေသန ပြုလုပ်ခဲ့စဉ်က အမျိုးသမီးသုတေသီများ တွေ့ကြုံခဲ့ရသောအတွေ့အကြုံနှင့်သင်ခန်းစာများကိုလည်း ဖေါ်ပြထားသည်။

ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ မိမိဒေသအတွင်း၌ဖြစ်စေ၊ အခြားဒေသတွင်ဖြစ်စေ၊ ပေါက်ရောက်နေသော သစ်ခွပန်းများ၏အကြောင်းကို လူထုကပိုမိုသိလာစေရန်နှင့်

ပိုမိုတန်ဘိုးထားလာစေရန်၊ ထို့ပြင် သဘာဝဇီဝမျိုးကွဲနှင့်ဓလေ့ရိုးရာယဉ်ကျေးမှုဆိုင်ရာ သုတေသနပြုလုပ်ရေးများ၌ လူထုကိုယ်တိုင် တက်တက်ကြွကြွပါဝင်လိုစိတ်များ တိုးပွားလာစေရန်အတွက် ဤအစီရင်ခံစာက ဥပမာကောင်းတခုဖြစ်နိုင်မည်ဟု မျှော်လင့်ပါသည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့ကရင်လူထုများအကြား သဘာဝပတ်ဝန်းကျင်နှင့် ဓလေ့ထုံးတမ်းယဉ်ကျေးမှုဆိုင်ရာ ဘာသာရပ်နှင့်အသိပညာများ တိုးပွားများပြားလာသည်နှင့်အမျှ ကျွန်ုပ်တို့၏ ဘိုးဘေးများဆိုခဲ့သည့် "ဒို့မျာပလိုင်း အလွန်လှ ... ကြိမ်ကနတ်ဖြင့် ကွပ်တော့မှ၊ ပန်းမန်သစ်ခွစုံလင်လှ ... လူမှုဘဝသာယာလှ၊ ပင်စည်ပေါ်က ပန်းသစ်ခွ - ထာဝစဉ်ပွင့်လန်း ပင်စည်မန္ဒမ်းသမျှ" သကဲ့သို့ပင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏အနှစ်သာရဖြစ်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဌာနေကရင်တိုင်းရင်းသားလူထုတို့၏ သဘာဝပတ်ဝန်းကျင်၊ သစ်တော၊ ဘိုးဘွားမြေ၊ အသက်မွေးဝမ်းကျောင်းနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များသည် ပိုမိုတောင့်တင်းခိုင်မာလာမည် ဖြစ်သည်။







## အမျိုးသမီးသုတေသီအဖွဲ့တာဝန်ခံ နှင့် KESAN အမျိုးသမီးသုတေသီ အဖွဲ့ဝင်များ



နော်ပုလဲ




နော်ဆာယူ



နော်ဘွေဝါးဖေါ

တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့သည့်သစ်ခွပန်းများကို နိုင်ငံတကာကသတ်မှတ်ထားသော
ခြိမ်းခြောက်ခံရသည့်အဆင့်နှင့် နှိုင်းယှဉ်ပြသည့် ပြဇယား

| အမျိုးအစား | အရေအတွက် | IUCN ၏ သတ်မှတ်ချက် |
|---|---|---|
| (CITES) ၏အဆင့်အတန်းသတ်မှတ်ချက် နောက်ဆက်တွဲ (က) Appendix I စာရင်းတွင် ဖော်ပြထားသည့် သစ်ခွမျိုးစိတ် | ၁ | မလုံခြုံသောအဆင့် (VU) |
| (CITES) ၏အဆင့်အတန်းသတ်မှတ်ချက် နောက်ဆက်တွဲ (ခ) Appendix II စာရင်းတွင် ဖော်ပြထားသည့် သစ်ခွမျိုးစိတ် | ၉၄ | စိုးရိမ်ရသည့် အခြေအနေ နည်းသောအဆင့် (LC) |
| အမျိုးအမည်မသိရသောသစ်ခွပန်းမျိုးစိတ် | ၄ | မသိရ |
| CITES သို့မဟုတ် IUCN စာရင်းတွင် မဖော်ပြထားသော သစ်ခွပန်းမျိုးစိတ် | ၂၂ | မသိရ |
| မျိုးစု | ၃၇ | |

## မှတ်တမ်းတင်နိုင်ခဲ့သော သစ်ခွပန်းမျိုးစိတ်များကို ထပ်မံလေ့လာခြင်း

### (က) ကူးသန်းရောင်းဝယ်ခြင်းမှတားမြစ်ထားသည့် သစ်ခွပန်း

အမည်နှင့်တကွ မှတ်တမ်းတင်နိုင်ခဲ့သော သစ်ခွမျိုးစိတ် ၁၁၇ မျိုးထဲက ၉၅ မျိုးသည် မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့်သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် (CITES) ၏ အဆင့်အတန်းသတ်မှတ်ချက်နောက်ဆက်တွဲ (က) Appendix I နှင့် (ခ) Appendix II စာရင်းဝင်များ ဖြစ်ကြသည်။ ဖေါ်နာဒဲခေါ် Paphiopedilum villosum သစ်ခွပန်းမျိုးစိတ်ကို အဆင့်အတန်းသတ်မှတ်ချက်နောက်ဆက်တွဲ (က) Appendix I တွင်ဖော်ပြထားပြီး ကျန်သစ်ခွပန်းမျိုးစိတ် ၉၄ မျိုးကိုမူ အဆင့်အတန်းသတ်မှတ်ချက်နောက်ဆက်တွဲ (ခ) Appendix II တွင်ဖော်ပြထားသည်။ ကျန်ရှိသော သစ်ခွပန်းမျိုးစိတ် ၂၂ မျိုးမှာ အထက်ပါ စာရင်းနှစ်ခုလုံးထဲတွင် ဖော်ပြထားခြင်းမရှိသော သစ်ခွမျိုးစိတ်များဖြစ်သည်။ ထို့ကြောင့် ကူးသန်းရောင်းဝယ်ခြင်းမှ တားမြစ်ထားသော သစ်ခွမျိုးစိတ်များကို ရောင်းဝယ်ခြင်းသည် အထက်ပါနိုင်ငံတကာ တောရိုင်းတိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးသဘောတူစာချုပ်ကို ချိုးဖေါက်ခြင်းဖြစ်သည်။ ဒေသခံလူထုကမူ သစ်ခွပန်းရောင်းဝယ်ဖေါင်းကားမှုကို တားမြစ်သည်။



## (ခ) မျိုးသုဉ်းမည့်အန္တရာယ်နှင့်ရင်ဆိုင်နေရသည့် သစ်ခွမျိုးစိတ်

ဖေါ်နာဒဲခေါ် Paphiopedilum villosum သစ်ခွပန်းမျိုးစိတ်သည် IUCN သတ်မှတ်ချက်အရ မျိုးသုဉ်းမည့် အန္တရာယ်ထဲတွင်ရှိနေသည့် သစ်ခွမျိုးစိတ် (VU) ဖြစ်သည်။ ဤသစ်ခွမျိုးစိတ်သည် တောနက်ထဲတွင်သာ ပေါက်ရောက်လေ့ရှိသောကြောင့် ရပ်ရွာအနီးဝန်းကျင်တွင် ၎င်းကို များစွာမတွေ့ရပါ။ ကျွန်ုပ်တို့၏ သစ်တောကောင်းများ ရှိနေသေးသည့်အတွက် အထက်ဖေါ်ပြပါ အဖိုးတန်သစ်ခွမျိုးစိတ်များကို ယခုအထိ တွေ့ရခြင်း ဖြစ်သည်။ ဤအဖိုးတန်သစ်ခွမျိုးစိတ်များကို အချိန်မှီ ကာကွယ်ထိန်းသိမ်းသွားမည်ဆိုလျှင် ကျွန်ုပ်တို့၏ အနာဂတ်သားသမီးလက်ထက်တွင် ၎င်းတို့ဆက်လက်တည်ရှိနေနိုင်မည်ဖြစ်သည်။ ၎င်းတို့ကို အချိန်မှီ ကာကွယ်ထိန်းသိမ်းခြင်းမပြုလုပ်ပါက မကြာသောအနာဂတ်ကာလ၌ အဆိုပါအဖိုးတန်သစ်ခွမျိုးစိတ်များ ပျောက်ကွယ်သွားမည်မှာ အငြင်းပွားဖွယ်ရာမရှိပါ။

## (ဂ) အမည်မဖေါ်ထုတ်နိုင်သေးသည့် သစ်ခွပန်းမျိုးစိတ်

သိပ္ပံအမည်မသိရသေးသည့် သစ်ခွပန်းမျိုးစိတ် ၄ မျိုးနှင့်ပတ်သက်ပြီး သိတတ်နားလည်သည့် ပညာရှင်များ၏အကူအညီကိုယူကာ ဆက်လက်သုတေသနပြုလုပ်ရန် လိုအပ်ပေသည်။ သစ်ခွပန်းအကြောင်းကို သိတတ်နားလည်သော ပညာရှင်များစွာရှိသော်လည်း ယနေ့အချိန်အထိ အမည်မဖေါ်ထုတ်နိုင်သေးသည့် သစ်ခွပန်းမျိုးစိတ်များစွာ ရှိနေသေးသည်။ ထို့ကြောင့် အထက်ပါသိပ္ပံအမည်မသိရသေးသည့် သစ်ခွပန်းမျိုးစိတ်များကို သိပ္ပံအမည်နှင့်တကွ သေသေချာချာမှတ်တမ်းတင်နိုင်ရန်အတွက် အချိန်အတိုင်းအတာတခုလိုအပ်နေမည်ဖြစ်သည်။

သိပ္ပံအမည်မသိရသေးသောသစ်ခွပန်းများထဲက အချို့မျိုးစိတ်များမှာ ကရင်ဘာသာအမည်နာမများရှိနှင့်ပြီးသားဖြစ်ပြီး အချို့ကိုမူ အနာဂတ်တွင် စနစ်တကျကာကွယ်ထိန်းသိမ်းနိုင်ရန်တွက် ဌာနေကရင်တိုင်းရင်းသားလူထုကိုယ်တိုင်က အမည်နာမများ သတ်မှတ်ပေးထားပြီးဖြစ်သည်။ ၎င်းတို့၏သိပ္ပံအမည်ကို ဖေါ်ထုတ်နိုင်ရန်အတွက် သုတေသနများဆက်လက်လုပ်ဆောင်သွားရန်အစီအစဉ်ရှိသလို စာအုပ်စာပေများကို ဖတ်ရှု၍သော်လည်းကောင်း၊ ပိုမိုရှင်းလင်းသောဓါတ်ပုံကိုရိုက်ယူပြီး ပညာရှင်များအားပြသမေးမြန်း၍သော်လည်းကောင်း၊ ထိုသို့သော နည်းများဖြင့် အမည်မသိရသေးသော သစ်ခွပန်းမျိုးစိတ်များကို ဖေါ်ထုတ်သွားမည်ဖြစ်သည်။

## (ဃ) ဒေသခံဌာနေကရင်တိုင်းရင်းသားလူထု၏ အလွန်ဆက်နွယ်ပြီး ရောင်းဝယ်ခြင်းအများဆုံးခံနေရသည့် သစ်ခွမျိုးစိတ်များ

ရှေးယခင်ကတည်းက ဘိုးဘွားများအလွန်တန်ဘိုးထားမြတ်နိုးသော သစ်ခွပန်းမျိုးစိတ်များစွာရှိသည်။ အချို့သောပန်းများကို ဘိုးဘွားများက ကဗျာအလင်္ကာများထဲတွင် သုံးနှုန်းကာ သားသမီးများကို သွန်သင်ဆုံးမရာတွင် ဥပမာသင်္ကေတအဖြစ် သုံးနှုန်းကြသည်။ အချို့ကို တောင်ယာခုတ်စိုက်ပျိုးလုပ်ကိုင်ရာတွင် အချိန်ကာလနှင့် မိုးလေဝါသများ တွက်ချက်ရန်အတွက် အသုံးပြုသည်။ ထိုသို့ ဒေသခံဌာနေကရင်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ ယဉ်ကျေးမှုနှင့်

အလွန်ဆက်နွယ်သည့် သစ်ခွပန်း ၁၀ မျိုးရှိသည်။ ၎င်းတို့မှာ ဖေါ်မူခါး၊ ဖေါ်ဆိုးဘော၊ ဖေါ်မိုလား၊ ဖေါ်ထိုကီ၊ ဖေါ်ဒေါ်ညာ၊ ဖေါ်တမူအယ်၊ ဖေါ်နာဒဲ၊ ဖေါ်ထိုကို၊ ဖီဘူးခလီးနှင့် ဖေါ်လိုးကောများ ဖြစ်ကြသည်။

## ဖေါ်နာဒဲ



ဤဖေါ်နာဒဲသစ်ခွပန်းသည် အေးသောနေရာနှင့် တောနက်ထဲတွင် ပေါက်ရောက်သောသစ်ခွပန်းဖြစ်သည်။ ဤသစ်ခွပန်းသည်အပွင့်ကျယ်ပြီး လူ့နားအိမ်နှင့်တူသည်။ ယခုအချိန်တွင် ကျွန်ုပ်တို့ဒေသ၌ ဤသစ်ခွပန်းမျိုးစိတ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်အလွန်လိုအပ်နေပြီဖြစ်သည်။ ဤသစ်ခွပန်းနှင့်ပတ်သက်ပြီး ရှေးလူကြီးများက *"တောနက်မှာပွင့် ဖေါ်နာဒဲလိုပင် - စောင့်ထိန်းသွားမည် သမီးဘိုးဘွားမြေ"* ဟူ၍ ကဗျာစပ်ဆိုထားသည်။ အဓိပ္ပါယ်မှာ နက်ရှိုင်းထူထပ်သော သစ်တောထဲတွင်သာ ဖေါ်နာဒဲသစ်ခွရှင်သန်နိုင်သလိုပင်သမီးပျိုသည်လည်း တိုင်းတပါးသို့မသွားဘဲမိမိဘိုးဘွားရေမြေကို မိမိ၏ဓလေ့ထုံးတမ်းများအတိုင်း ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်တဦးအဖြစ် နေသွားမည်ဟူ၍ ဖြစ်သည်။

## ဖေါ်ထိုကီနှင့်ဖေါ်ဒေါ်ညာ

သားသမီးများကို ကဗျာများဖြင့်သွန်သင်ဆုံးမရာတွင်ဖြစ်စေ၊ တဦးနှင့်တဦး ကဗျာများဖြင့် အပြန်အလှန်ပြောဆို ဆက်ဆံသည့်အချိန်တွင်ဖြစ်စေ၊ ဤသစ်ခွပန်းနှစ်မျိုးကို ရှေးလူကြီးများက ဥပမာကောင်းများအဖြစ် တင်စားသုံးနှုန်းကာ ကဗျာစပ်ဆိုလေ့ရှိသည်။

ဖေါ်ဒေါ်ညာ





ဖေါ်ထိုကီ

ဤသစ်ခွပန်းသည် အဝါရောင်အဆင်းရှိပြီး အလွန်မွှေးကြိုင်သည်။ ရှေးအခါက အလွန်လှပသော မိန်းမပျိုတဦးရှိခဲ့သည်။ သို့သော် မည်သည့်ယောကျာ်းပျိုတဦးတယောက်မျှ သူ့ကို ဇနီးအဖြစ်လက်ထပ်ယူခဲ့ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် နောင်ဘဝ၌ လူပျိုတိုင်းနမ်းချင်သောပန်းဖြစ်ပါစေဟု သူမသေခင်သစ္စာပြုတောင်းဆိုခဲ့သည်ဟု ရှေးလူကြီးများကဆိုသည်။ သူသေသွားသောအခါဖေါ်ဆိုးဘောသစ်ခွပန်းဖြစ်သွားသည်။ ထို့ကြောင့်ဤပန်းကိုမြင်ရသည့် လူပျိုဟူသမျှ ထိုပန်းကိုမနမ်းဘဲမနေနိုင်ပါ၊ နမ်းရမှကျေနပ်ကြသည်ဟု ရှေးလူကြီးများကဆိုသည်။


ဖေါ်ဆိုးဘော

ရှေးလူကြီးများက *"ငှက်တို့၏သခင် ငှက်များ - ပန်းတို့၏သခင် ဖေါ်မူးခါး"* ဟူ၍ ကဗျာဆိုထားခြင်းရှိသည်။ အဆိုပါကဗျာအတိုင်းပင် ပန်းတို့၏သခင် ဖေါ်မူခါးသည် အခြားပန်းအားလုံးထက် မွှေးကြိုင်ပြီး စပါး၏ဝိညာဉ် ဖြစ်သည်။ ထို့ကြောင့် ဌာနေကရင်တိုင်းရင်းသားများသည် ဖေါ်မူခါးကို တောတောင်ထဲတွင်တွေ့ပါက သစ်ပင်ပေါ်မှခွာယူကာ ၎င်းတို့အိမ်ခြံဝင်းထဲရှိ သစ်ပင်ပေါ်သို့ ပြန်လည်ယူဆောင်စိုက်ပျိုးလေ့ရှိကြပြီး အလွန်ဂရုစိုက်ပေးကြသည်။


ဖေါ်မူခါး

စပါးရိတ်သိမ်းချိန်ရောက်သောအခါ ဤပန်းပင်ကို စပါးပုတ်သောနေရာတွင် ချထားကြသည်။ ဆန်စပါးတို့၏ ဝိညာဉ်ဖြစ်သော ဤပန်းပင်ကြောင့် ၎င်းတို့၏စပါးထွက်နှုန်းတိုးမည်ဟု၎င်းတို့ကအယုံအကြည်ရှိကြသည်။



ဖေါ်မိုလား

ဤသစ်ခွပန်းသည် ကောင်းကင်အရောင်ကဲ့သို့ အပြာရောင်အဆင်းရှိပြီး ၎င်းသည် ကောင်းကင်ဘုံရှိ နတ်သားတို့မှ ကမ္ဘာလောကရှိ၎င်းတို့၏သူငယ်ချင်းလူသားတို့အားပေးခဲ့သောလက်ဆောင်ဖြစ်သည်ဟု ရှေးလူကြီးများကယုံကြည်ကြသည်။ ဤသစ်ခွပန်းပွင့်နေပြီကို ရှေးလူကြီးများကမြင်ရလျှင် စပါးရိတ်သိမ်းချိန်ရောက်ပြီဟု ၎င်းတို့က မှတ်ယူကြသလို စပါးရိတ်သိမ်းစဉ်တွင် လူပျိုနှင့်အပျိုမိန်းကလေးများအကြားချစ်ခင်ရင်းနှီးစွာပြောဆိုဆက်ဆံလေ့ရှိကြသည်။ ဤသစ်ခွပန်းသည် ခက်ခက်ခဲခဲတက်ရသောအပင်များပေါ်တွင် ပေါက်ရောက်လေ့ရှိသောကြောင့် ၎င်းကိုခူးယူရန်အတွက် သမီးရည်းစားအချင်းချင်း ခိုင်းစေခြင်းမပြုရပေ။ အကယ်၍ခိုင်းစေမိပါက ဤပန်းကိုမရရ အောင်ခူးပေးရမည်ဟု လူကြီးများက ဆိုသည်။

ဖေါ်တမူအယ်



ဤသစ်ခွပန်းသည် စိုစွတ်နက်ရှိုင်းသော တောနက်ထဲတွင်ပေါက်ရောက်လေ့ရှိပြီး ဖြိုင်တူပွင့်ကြကာ အလွန်မွှေးကြိုင်သော ရနံ့ကိုပေးသည်။ ရှေးလူကြီးများက "*တူနှစ်ကိုယ် တမူအယ်ပန်းနှစ်ခက်လို - သူကြည်နူးဖို့ ဖြိုင်တူ ပွင့်စို့*" ဟူ၍ တမူအယ်ပန်းကိုသုံးကာ ကဗျာစပ်ဆိုကြသည်။ သမီးရည်းစားနှစ်ဦး၏ တဦးအပေါ် တဦးထားရှိသောအချစ်စစ်ကို ဖေါ်ကျူးထားပြီး တဦးအပေါ်တဦးအကြားချစ်ခင်ကြင်နာမှုရှိသောအခါ အများအမြင်အလွန်လှ၏ဟု အဓိပ္ပါယ်ရပါသည်။


ဖေါ်ထိုကို

ဤသစ်ခွပန်းသည် စိတ်ထားအလွန်ရိုးဖြောင့်သောပန်းဖြစ်သည်ဟု ရှေးလူကြီးများကဆိုပြီး ၎င်းကို အောက်ချင်းငှက်နှင့် နိုင်းနှိုင်းတင်စားထားသည်။ "ထိုကို"သည် ကရင်ဘာသာဖြစ်ပြီး အဓိပ္ပါယ်မှာ အောက်ချင်းငှက်ဖြစ်သည်။ ၎င်းကို ဖေါ်ထိုကို (ပန်းထိုကို) ဟုခေါ်ဝေါ်ရခြင်းမှာ အောက်ချင်းငှက်နှင့်အဆင်းတူသောကြောင့်မဟုတ်ပါ။ ဤပန်းပွင့်သောရာသီသည် အောက်ချင်းငှက်များ သားပေါက်သောအချိန်ဖြစ်သည်။ အောက်ချင်းငှက်ကို ရှေးလူကြီးများက အလွန်တန်ဖိုးထားပြီး ဖမ်းယူသတ်ဖြတ်ခြင်းမလုပ်ရန် တားဖြစ်ထားကြသည်။ ထို့ကြောင့် ဤပန်းသည် အောက်ချင်းငှက်များ သားပေါက်ချိန်ရောက်နေပြီကို ရှေးလူကြီးများအား သတိမူစေသောပန်းဖြစ်သည်။


ဖေါ်ဘူးခလီးဂေါ်

ဖေါ်ဘူးခလီးဂေါ်သည် ဧပြီလတွင်ပွင့်သောပန်းဖြစ်သောကြောင့် ၎င်းပွင့်ချိန်ရောက်ပြီဆိုလျှင် တောင်ယာနှင့် ကိုင်းစိုက်ပျိုးလုပ်ကိုင်သူ ဌာနေကရင်တိုင်းရင်းသားလူမျိုးတို့သည် မျိုးစေ့နှင့်အသီးအနှံပင်များကို စတင်စိုက်ပျိုးရန် အချိန်ရောက်ပြီကို အလိုအလျောက်သိရှိကြသည်။ တောင်ယာနှင့်ကိုင်းစိုက်ပျိုးလုပ်ကိုင်သူများရာသီနှင့်အချိန်အခါလေ့လာရန်အတွက် အထောက်အကူပြုသောပန်းဖြစ်သည်။


ဖေါ်လိုးကော

ဤပန်းသည် မတ်လတွင်ပွင့်သောပန်းဖြစ်သည်။ ထို့ကြောင့် ဤပန်းသည် ဌာနေကရင်တိုင်းရင်းသားလူမျိုးတို့အတွက်ခုတ်ပြီးထားသောတောင်ယာကို နေလှန်းအခြောက်ခံရန်အချိန်တန်နေပြီဖြစ်ကြောင်းကို သတိရစေသော ပန်းတမျိုးဖြစ်သည်။တောင်ယာခုတ်ခြင်းမပြီးသေးပါက ထိုအချိန်အတွင်အမြန်ဆုံးပြီးအောင်လုပ်ရမည် ဖြစ်သည်။ အကြောင်းမှာ မိုးရာသီအချိန်နီးလာပြီဖြစ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဤပန်းသည် အလှအပအတွက် အရေးပါသောပန်းတမျိုးဖြစ်သလို တောင်ယာနှင့်ကိုင်းလုပ်စားသူများအတွက် အချိန်အခါကို အမှတ်ရစေသော ပန်းလည်းဖြစ်သည်။

အထက်ပါဖော်ပြကဲ့သောပန်းများအပါအဝင် အခြားအဖိုးတန်သော သစ်ခွပန်းများစွာရှိသေးသည်။ အချို့သော သစ်ခွပန်းများကို ဌာနေကရင်တိုင်းရင်းသားတို့က ပြင်ပ သို့မဟုတ် တိုင်းတပါးသို့ ထုတ်ယူရောင်းစားခြင်း မပြုကြပါ။ အကြောင်းမှာ ထိုသစ်ခွပန်းများသည် ဒေသတွင်း၌သာရှိရမည်၊ ၎င်းတို့ ရှိနေလျှင် စဆန်စပါးများ အထွက်ကောင်းမည်၊ ဖွံ့လုံမည်၊ ၎င်းတို့ကို ပြင်ပသို့ရောင်းစားလျှင် ဆန်စပါးအထွက်နှုန်းညံ့မည်ဟု ရှေးလူကြီး များက ယုံကြည်ကြသည်။

## အမျိုးသမီးသုတေသီအဖွဲ့

သစ်ခွပန်းသုတေသနကို ကဆောထယ်ကျေးရွာပိုင်ဘုံသစ်တောကော်တီ၏ အစိတ်အပိုင်းတခုဖြစ်သည့် အမျိုးသမီးသုတေသီအဖွဲ့မှ သုတေသီ ၃ ဦးနှင့် နှင့် KESAN အမျိုးသမီးသုတေသီအဖွဲ့မှ အဖွဲ့ဝင် ၃ ဦး၊ စုစုပေါင်း အမျိုးသမီးသုတေသီ ၆ ဦးတို့က လက်တွဲဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

| စဉ် | အမည် | နေရပ်ဌာနေ | တာဝန် |
|---|---|---|---|
| ၁ | နော်ပုလဲ | တမေခီးရွာ | KESAN အမျိုးသမီးသုတေသီ (တာဝန်ခံ) |
| ၂ | နော်ဆာယူ | လဲခီးရွာ | KESAN အမျိုးသမီးသုတေသီအဖွဲ့ဝင် |
| ၃ | နော်ဘွေဝါးဖေါ | စီခဲဒဲရွာ | KESAN အမျိုးသမီးသုတေသီအဖွဲ့ဝင် |
| ၄ | နော်မူးခိုဖေါ | ဖလိုးခီးရွာ | ကဆောထယ်အမျိုးသမီးသုတေသီအဖွဲ့ဝင် |
| ၅ | နော်ဘယူးထီးစေး | တချူခီးရွာ | ကဆောထယ်အမျိုးသမီးသုတေသီအဖွဲ့ဝင် |
| ၆ | နော်ဘူးလာပလော | တာခဲဒဲရွာ | ကဆောထယ်အမျိုးသမီးသုတေသီအဖွဲ့ဝင် |



နော်ပုလဲ နော်ဘွေဝါးဖေါ နော်ဘယူးထီးစေး နော်ဘူးလာပလော နော်မူးခိုဖေါ နော်ဆာယူ

# အကြံပြုချက်များ

ကဆောထယ်နှင့်သောသီဖေါ်ဂေါ်ကျေးရွာပိုင်ဘုံသစ်တောများအတွင်း သဘာဝအရင်း အမြစ်နှင့်ဇီဝမျိုးကွဲများ ထာဝစဉ်ရှင်သန်တည်ရှိရန်အတွက်သော်လည်းကောင်း၊ ထို့အပြင် သစ်ခွပန်းမျိုးစိတ်များအား ပျက်စီးနည်းပါး ပျောက်ကွယ်စေမည့် လုပ်ဆောင်မှုများအဆုံးသတ် ရန်အတွက်သော်လည်းကောင်း၊ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်း၌ ကဆောထယ်နှင့်သော သီဖေါ်ဂေါ်ကျေးရွာပိုင်ဘုံသစ်တောနှစ်ခုကို အခြားသစ်တောများနှင့် ချိတ်ဆက်စီမံခန့်ခွဲလျက် ဌာနေကရင်တိုင်းရင်းသားလူထုမှထိန်းသိမ်းကာကွယ်သောသီးသန့်နယ်မြေတခုအဖြစ် သတ်မှတ် ကာကွယ်သွားမည်ဆိုလျှင် သဘာဝဇီဝမျိုးကွဲများနှင့်ဌာနေကရင်လူမျိုးတို့၏ဓလေ့ထုံးတမ်းများ ကို ပိုမိုထိရောက်စွာ ထိန်းသိမ်းမြင့်တင်နိုင်မည်၊ တန်ဘိုးထားရာလည်း ရောက်မည်ဖြစ်သည်။

ဒေသခံလူထုနှင့်အခြေခံလူမှုအဖွဲ့အစည်းများအတွက် အကြံပြုချက်

- ဒေသအတွင်းရှိ ဒေသခံတဦးချင်းစီသည် သစ်ခွပန်းရောင်းဝယ်မှုကို ရဲရင့်စွာနှင့် စိတ်အား ထက်သန်စွာဖြင့် ထိထိရောက်ရောက်ကာကွယ်တားဆီးသွားရန်။
- ဒေသထဲတွင် သစ်ခွပန်းရောင်းဝယ်မှုရှိလာပါက ဒေသခံလူထုသည် တာဝန်ရှိခေါင်းဆောင် များကို အကြောင်းကြား အသိပေးရန်။
- အခြေခံလူမှုအဖွဲ့အစည်းများသည် ဒေသခံဌာနေကရင်တိုင်းရင်းသားလူထုများနှင့်လက်တွဲ ကာ မူတြော်ခရိုင် KNU ခေါင်းဆောင်များ၏ ပါဝင်လမ်းညွှန်မှုနှင့်အတူ ရေရှည်တွင် သစ်ခွပန်းများကို ထိထိရောက်ရောက် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေးအတွက် ဆောင်ရွက်ရန်။

KNU ခေါင်းဆောင်များအတွက် အကြံပြုချက်

- သစ်ခွပန်းရောင်းဝယ်မှုကို ထိထိရောက်ရောက်အရေးယူရန်။
- ရောင်းဝယ်ခြင်းမပြုလုပ်ရန် တားမြစ်ထားသော သစ်ခွပန်းစာရင်းများကို ပြန်လည်ဖြည့်စွက်ကာ သစ်ခွပန်းရောင်းဝယ်မှုတားမြစ်သောအထူးပြဌာန်းကြေငြာချက်များကို ထုတ်ပြန်ရန်။
- သစ်တောထွက်ပစ္စည်းရောင်းဝယ်နေသူများကို စစ်ဆေးရေးဂိတ်များတွင် သေသေချာချာ စစ်ဆေးခြင်းအားဖြင့် သစ်ခွပန်းခိုးယူရောင်းထုတ်မှုများ ရပ်တန့်သွားအောင် ကူညီဆောင် ရွက်ရန်။

မြန်မာအစိုးရအတွက် အကြံပြုချက်

- သစ်ခွပန်းများကို နောက်ဆုံး၌ မြို့ပြများဆီသို့သာ ပြန်လည်ယူဆောင်ရောင်းချလေ့ရှိသော ကြောင့် မြန်မာအစိုးရသည် သစ်ခွပန်းရောင်းဝယ်မှုများကို ထိထိရောက်ရောက်အရေးယူခြင်း အားဖြင့် ပါဝင်ကူညီဆောင်ရွက်ရန်။
- ရှေ့တန်းရှိ ၎င်း၏စစ်တပ်များကို စည်းမဲ့ကမ်းမဲ့တောမီးရှို့ခြင်းမပြုလုပ်ရန်နှင့် မီးရှို့ရှင်းလင်းရန် လိုအပ်သောနေရာကို မီးရှို့ပြီးပါက မီးများကို ချက်ချင်းငြိမ်းသတ်ရန်အတွက် ညွှန်ကြားပေးရန်၊ ထို့ပြင် မလိုက်နာပါက အရေးယူဆောင်ရွက်ခြင်းများရှိရန်။
- ကျေးရွာပိုင်ဘုံသစ်တောအတွင်းရှိ မြန်မာတပ်မတော်စခန်းများကို ရုတ်သိမ်းရန်၊ ကျေးရွာ ပိုင်ဘုံသစ်တောအနီး (သို့)၎င်းကိုဖြတ်သန်းဆောက်လုပ်မည့်စစ်တပ်ကားလမ်းကိုရပ်တန့်ရန်။

- ဌာနေတိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်း၊ အသက်ရှင်နေထိုင်မှုပုံစံ၊ အယုံအကြည်၊ စသည်များနှင့် လိုက်လျောညီထွေမှုမရှိသည့် ဥပဒေများကို ပြုပြင်ပြောင်းလဲခြင်းအားဖြင့် ဌာနေတိုင်းရင်းသားလူထု၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဓလေ့ထုံးတမ်းနှင့်စည်းမျဉ်းစည်းကမ်းများကို အသိအမှတ်ပြုလေးစားရန်။

နိုင်ငံအတကာအသိုင်းအဝန်း

- ဌာနေတိုင်းရင်းသားလူထုတို့၏ သစ်ခွပန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးကြိုးပမ်းမှုကို ပိုမိုအား ကောင်းလာစေရန်အတွက် ၎င်းတို့လိုအပ်နေသော အသိပညာအတတ်ပညာနှင့် ငွေကြေးပံ့ပိုးမှုများကို တိုက်ရိုက်ပံ့ပိုးပေးရန်။
- မြန်မာနိုင်ငံအတွင်း စီမံကိန်းများကို ပြုလုပ်ရာတွင် ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသား အခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်းကို လေးစားလိုက်နာခြင်းဖြင့် ဌာနေတိုင်းရင်းသားလူထု၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဓလေ့ထုံးတမ်းနှင့်စည်းမျဉ်းစည်းကမ်းများ ကို အသိအမှတ်ပြုလေးစားရန်။

## နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) သစ်ခွပန်းမျိုးစိတ်၊ အမည်နှင့် အခြေအနေ

- မျိုးသုဉ်းမည့် သစ်ခွမျိုးစိတ်

- မျိုးစိတ်နည်းပါးနေပြီဖြစ်သည့် သစ်ခွပန်းမျိုးစိတ်

- မျိုးစိတ်ရှိနေသေးသည့် သစ်ခွမျိုးစိတ်

- အမည်မသိရသေးသော သစ်ခွမျိုးစိတ်

| စဉ် | အမည် (ကရင်) | သိပ္ပံအမည် | Status Appendix | IUCN | ဘေးသင့် အဆင့် |
|---|---|---|---|---|---|
| ၁ | ဖီကါ်ခိဉ် | *Abdominea minimiflora* **Hook. f.** | II | | |
| ၂ | ဖီမှ့ၤဃ့ကံာ်ဘီ | *Acampe ochracea* **Lindl.** | II | | |
| ၃ | ဖီမှ့ၤဃ့ဝါလုး | *Acampe thailandica* | | | |
| ၄ | ဖီမှ့ၤဃ့ဖိဉ်ပျ့ၤ | *Acampe praemorsa* **Roxb.** | II | | |
| ၅ | ဖီထွံဉ်မဲာ်ဝါသး | *Aerides rosea Loddiges* **ex Lindl.** | II | | |
| ၆ | ဖီဘံဉ်ဘ့ဂီၤ | *Ascocentrum curvifolium* **Lindley.** | II | | |
| ၇ | ဖီဘံဉ်ဘ့ဘီ | *Ascocentrum miniatum* **Lindley.** | II | | |
| ၈ | ဖီဘံဉ်ဘ့လုးစါ | *Ascocentrum pusillum* **Aver.** | II | | |
| ၉ | ဖီဘံဉ်ဘ့လုး | *Ascocentrum ampullaceum* **Roxb.** | II | | |
| ၁၀ | ဖီစုနၢ်သၢပျ့ၤ | *Bulbophyllum bifurcatoflorens* **Fukuy.** | | | |
| ၁၁ | ဖီပစီာ်ပျ့ၤ | *Bulbophyllum capillipes* **Rchb.f.** | II | | |
| ၁၂ | ဖီယီၤဟီဉ်မဲာ်ဃး | *Bulbophyllum careyanum* **Hook.** | II | | |

| စဉ် | အမည် (ကရင်) | သိပ္ပံအမည် | Status Appendix | IUCN | ဘေးသင့် အဆင့် |
|---|---|---|---|---|---|
| ၁၃ | ဖီယီၤဟီၣ်မဲၢ်ဘီ | *Bulbophyllum elassonotum* **Summerh.** | II | | |
| ၁၄ | ဖီကျုးသ့ၣ်ဘီ | *Bulbophyllum exiguum* **(Unknow).** | | | |
| ၁၅ | ဖီဘုစဲၤလ့ၤခိၣ် | *Bulbophyllum hirtum* **Lindl.** | II | | |
| ၁၆ | ဖီယီၤဟီၣ်မဲၢ်လုး | *Bulbophyllum lilacinum* **Ridl.** | | | |
| ၁၇ | ဖီကျုးပျ့ၤ | *Bulbophyllum lingulatum* **(Unknow).** | | | |
| ၁၈ | ဖီဖထံ | *Bulbophyllum lobbii* **Lindley.** | II | | |
| ၁၉ | ဖီနီၣ်ဝၢ် | *Bulbophyllum longipes* **Rchb.** | II | | |
| ၂၀ | ဖီကိုးကု | *Bulbophyllum membranifolium* **Hook. f.** | II | | |
| ၂၁ | ဖီတၢ်ပျ့ၤဃး ဒီသံၣ် | *Bulbophyllum picturatum* **Rchb.f** | II | | |
| ၂၂ | ဖီတၢ်ပျ့ၤဘီဒီ သံၣ် | *Bulbophyllum retusiusculum* **Rchb. f.** | II | | |
| ၂၃ | ဖီဘုစဲၤ | *Bulbophyllum rufinum* **Rchb.f.** | | | |
| ၂၄ | ဖီပ့ၢ်ဒံး | *Bulbophyllum sanitii* **Seidenf.** | II | | |
| ၂၅ | ဖီစူနၢ်လ့ၢ်သၣ် | *Bulbophyllum siamense* **Rchb.f** | II | | |
| ၂၆ | ဖီဘီဂီၤပျ့ၤ | *Bulbophyllum sillenianum* **Rchb.f.** | | | |
| ၂၇ | ဖီဂံၢ်ခိၣ် | *Chiloschista exuperei* **Guillaumin.** | II | | |
| ၂၈ | ဖီတၢ်ပျ့ၤလုးခိၣ် သံၣ် | *Cirrhopetalum strangularium* **Rchb. f** | II | | |
| ၂၉ | ဖီဖျိးပှ့ၤ | *Cleisostoma crochetti* **Gull.** | | | |
| ၃၀ | ဖီစဲၤဝါသး | *Cleisostoma fuerstenbergianum* **Kranzl.** | | | |
| ၃၁ | ဖီဝါပျ့ၤလုးစိး | *Cleisostoma linearilobatum* **Seidenf.** | | | |
| ၃၂ | ဖီတယ့ဖီ | *Cleisostoma racemiferum* **Lindl.** | II | | |
| ၃၃ | ဖီဖသိ | *Coelogyne brunnea* **Lindl.** | II | | |
| ၃၄ | ဖီဒိၣ် ပျ့ၤကဖူၣ်ဃး | *Coelogyne fimbriata* **Lindl.** | II | | |
| ၃၅ | ဖီဘီပျ့ၤစဲၤ | *Coelogyne lactea* **Rchb .f.** | II | | |
| ၃၆ | ဖီဖသိဃးသး | *Coelogyne lentiginosa* **Lindl.** | II | | |
| ၃၇ | ဖီဘိၣ်ဃးကၠ | *Coelogyne longipes* **Lindl.** | | | |
| ၃၈ | ဖီသ့ၣ်ဖိၤဒ့ | *Coelogyne nitida* **Lindley.** | II | | |
| ၃၉ | ဖီဒိၣ်ပျ့ၤစူပျ့ၤ | *Coelogyne pallens* **Ridl.** | II | | |
| ၄၀ | ဖီစ့ဘီပျ့ၤ | *Coelogyne schultesii* **S.K.Das.** | II | | |

| စဉ် | အမည် (ကရင်) | သိပ္ပံအမည် | Status Appendix | IUCN | ဘေးသင့် အဆင့် |
|---|---|---|---|---|---|
| ၄၁ | ဖီသ့ဉ်ဖိၤဖိဉ်ခိဉ် | *Coelogyne trinervis* **Lindl.** | II | | |
| ၄၂ | ဖီဖဲသူပျူၤ | *Coelogyne triplicatula* **Rchb.f.** | II | | |
| ၄၃ | ဖီဂီၤကံၢ် | *Cymbidium bicolor* **Lindl.** | II | | |
| ၄၄ | ဖီစ့နၢ်စဲၤ | *Cymbidium eburneum* **Lindl.** | II | | |
| ၄၅ | ဖီဂံၢ်ကံာ်လုး | *Dendrobium aphyllum* **Roxb.** | II | | |
| ၄၆ | ဖီသံခိဉ်သူ | *Dendrobium bilobulatum* **Seidenf.** | II | | |
| ၄၇ | ဖီဘုချံဂီၤ | *Dendrobium cariniferum* **Reichb.f** | II | | |
| ၄၈ | ဖီဒီညဉ်ကမဲာ် | *Dendrobium chrysanthum* **Wallich.** | II | | |
| ၄၉ | ဖီလိကီ | *Dendrobium chrysotoxum* **Lindley.** | II | | |
| ၅၀ | ဖီမုၢ်ဃါ | *Dendrobium compactum* **Rolfe.** | II | | |
| ၅၁ | ဖီဝဉ်ဒ့ဝါ | *Dendrobium crumenatum* **Swartz.** | II | | |
| ၅၂ | ဖီဂံၢ်ထံဘီကဝီၤ သး | *Dendrobium crystallinum* **Rchb. f.** | II | | |
| ၅၃ | ဖီထိဉ်ကံဉ်ဘီ လါ | *Dendrobium densiflorum* **Lindl.** | II | | |
| ၅၄ | ဖီဂံၢ်ထံဘီသးက ဖူဉ် | *Dendrobium devonianum* **Paxton.** | II | | |
| ၅၅ | ဖီမုၢ်ဃါလါသး | *Dendrobium eriiflorum* **Griff.** | II | | |
| ၅၆ | ဖီဒ္ဒဲဉ်ထံ | *Dendrobium exile* **Schltr.** | II | | |
| ၅၇ | ဖီဂံၢ်ထံသူသး | *Dendrobium falconeri* **Hook. f.** | II | | |
| ၅၈ | ဖီဒီညဉ်ဒီဒ့ | *Dendrobium fimbriatum* **Hooker.** | II | | |
| ၅၉ | ဖီဝဉ်ဒ့လါနီ | *Dendrobium fytchianum* **Bateman.** | II | | |
| ၆၀ | ဖီဘီတၢ်ရူၤ | *Dendrobium gibsonii* **Paxton.** | II | | |
| ၆၁ | ဖီဂံၢ်ထံဘီသး | *Dendrobium gratiosissimum* **Rchb.** | II | | |
| ၆၂ | ဖီနၢ်စဲၤဖိဉ်ခိဉ် | *Dendrobium gregulus* **Seidenf.** | II | | |
| ၆၃ | ဖီသးကလး | *Dendrobium heterocarpum* **Wall.** | II | | |
| ၆၄ | ဖီတမူအဲဉ် | *Dendrobium infundibulum* **Lindley** | II | | |
| ၆၅ | ဖီသဲးဘိ | *Dendrobium lindleyi* **Steud.** | II | | |
| ၆၆ | ဖီဝဉ်ဒ့ဘီသး | *Dendrobium luteolum* **Bateman.** | II | | |
| ၆၇ | ဖီခိဉ်ညါ | *Dendrobium parcum* **Rchb.f.** | II | | |

| စဉ် | အမည် (ကရင်) | သိပ္ပံအမည် | Status Appendix | IUCN | ဘေးသင့် အဆင့် |
|---|---|---|---|---|---|
| ၆၈ | ဖိဂံၢထံဇိၣ်ဒ့ | *Dendrobium pendulum* **Roxb.** | II | | |
| ၆၉ | ဖိကမဲၣ် | *Dendrobium pinifolium* **Ridl.** | | | |
| ၇၀ | ဖိဂံၢကံၣ်လုး | *Dendrobium primulinum* **Lindley.** | II | | |
| ၇၁ | ဖိဘူပျ့ၤဂီၤ | *Dendrobium scabrilingue* **Lindley.** | II | | |
| ၇၂ | ဖိဆိုဘီဆူၣ် | *Dendrobium senile* **Parish ex Rchb.f** | II | | |
| ၇၃ | ဖိဆီဖံၣ်တကီၤ | *Dendrobium stuposum* **Lindl.** | II | | |
| ၇၄ | ဖိဒွဲၣ်သိဝါ | *Dendrobium sutepense* **Rolfe ex.** | II | | |
| ၇၅ | ဖိဒွဲၣ်သိဘီ | *Dendrobium sutepense* **sub. spp.** | II | | |
| ၇၆ | ဖိထိၣ်ကံဘီ (ဖိဘုချံ) | *Dendrobium thyrsiflorum* **Rchb.f** | II | | |
| ၇၇ | ဖိဘီဘီ (ဖိဆိုဘီ) | *Dendrobium trigonopus* **Rchb. f.** | II | | |
| ၇၈ | ဖိဆိုဂီၤ | *Dendrobium unicum* **Seidenfadden.** | II | | |
| ၇၉ | ဖိဂံၢထံသူခံက့ သး | *Dendrobium wardianum* **Warner.** | II | | |
| ၈၀ | ဖိဇိၣ်ပျ့ၤဘျုံးနၢ် | *Diploplora truncata* **Roffe.** | | | |
| ၈၁ | ဖိသူပျ့ၤ | *Epigeneium amplum* **Lindl.** | | | |
| ၈၂ | ဖိဇိၣ်ဒ့ဃးပျ့ၤ | *Eria amica* **Rchb. f.** | II | | |
| ၈၃ | ဖိဘုခ့ဇိ | *Eria globulifera* **Seidenf.** | II | | |
| ၈၄ | ဖိထိၣ်ပျ့ၤ | *Eria javanica* **(Sw.) Blume.** | II | | |
| ၈၅ | ဖိညၣ်မဲ | *Eria muscicola* **(Lindl.)** | II | | |
| ၈၆ | ဖိတဖ့ | *Eria obesa* **Lindl.** | II | | |
| ၈၇ | ဖိတိၢ်လၣ် | *Eria ornata* **Lindl.** | II | | |
| ၈၈ | ဖိဆၣ်ဘီ | *Eria pannea* **Lindl.** | II | | |
| ၈၉ | ဖိမ့ၢ်ဃါကွ့လုး | *Eria (Pinalia)* **sp.** | II | | |
| ၉၀ | ဖိခိၣ်ဖံၣ်အ့ၤ | *Eria pusilla* **Lindl.** | II | | |
| ၉၁ | ဖိစုညါ | *Eria tomentosa* **J.König** | | | |
| ၉၂ | ဖိဇိၣ်ဒ့ဘီပျ့ၤ | *Eria xanthocheila* **Ridl.** | II | | |
| ၉၃ | ဖိချံးပျ့ၤဘီ | *Flickingeria macraei* **Lindl.** | | | |
| ၉၄ | ဖိခ့ဘှ | *Gastrochilus bellinus* **Rchb.f** | | | |

| စဉ် | သိပ္ပံအမည် | သိပ္ပံအမည် | Status | | တ်ပနိန် |
|---|---|---|---|---|---|
| | | | Appendix | IUCN | |
| ၉၅ | ဖိသံသမူဝါ | *Holcoglossum subulifolium* **Rchb. f.** | II | | |
| ၉၆ | ဖိလါမဲာ် | *Liparis plantaginea* **Lindl.** | II | | |
| ၉၇ | ဖိသိဉ်ဂဲၤ | *Liparis viridiflora* **Blume.** | II | | |
| ၉၈ | ဖိထွံဉ်ဖါညဲညီၤ | *Luisia macrantha* **Blatt.** | | | |
| ၉၉ | ဖိထွံဉ်မဲၢ် | *Micropera rostrata* **Roxb.** | II | | |
| ၁၀၀ | ဖိယုၢ်မဲၢ် | *Oberonia acaulis* **Griff.** | | | |
| ၁၀၁ | ဖိမုဉ်အှ့ | *Oberonia falconeri* **Hook.f.** | | | |
| ၁၀၂ | ဖိသူကံၢ် | *Ornithochilus difformis* **Schlechter.** | II | | |
| ၁၀၃ | ဖိကပ့ၤ | *Otochilus albus* **Lindl.** | | | |
| ၁၀၄ | ဖိသိလဉ်ဘိ | *Panisea tricallosa* **Rolfe** | | | |
| ၁၀၅ | ဖိသိလဉ် | *Panisea uniflora* **Lindl.** | II | | |
| ၁၀၆ | ဖိနၢ်ဒၢ | *Paphiopedilum villosum* **Lindl.** | I | VU | |
| ၁၀၇ | ဖိပ့ၢ်ဘှဲ | *Pholidota articulata* **Lindl.** | II | | |
| ၁၀၈ | ဖိစ့သ့ဉ် | *Pholidota convallariae* **Hook.f.** | II | | |
| ၁၀၉ | ဖိတၢါဒ့ | *Pholidota imbricata* **Roxb.** | II | | |
| ၁၁၀ | ဖိကၢ်ပျဲာ် | *Pinalia stricta* **Lindley.** | II | | |
| ၁၁၁ | ဖိသ့ဉ်ဟိဉ်ဒ့ | *Pleione maculata* **Lindl.** | II | | |
| ၁၁၂ | ဖိထိဉ်ကံဉ်နိာ် | *Porpax lanii* **Seidenf.** | | | |
| ၁၁၃ | ဖိထွံဉ်မဲၢ်ပိၢ်ဖဲ | *Rhynchostylis retusa* **Blume.** | II | | |
| ၁၁၄ | ဖိဟုနံး | *Schoenorchis gemmata* **Lindl.** | II | | |
| ၁၁၅ | ဖိပစီၤထံ | *Smitinandia micrantha* **Lindl.** | II | | |
| ၁၁၆ | ဖိပသၢဒ့ | *Stelis gracilis* **(Unknow).** | | | |
| ၁၁၇ | ဖိတဆဲဉ်ကိဉ်ဘိပျူၤ | *Sunipia rimannii spp* **(Unknow).** | | | |
| ၁၁၈ | ဖိဒးဘိ | *Thrixspermum centipeda* **Lour.** | II | | |
| ၁၁၉ | ဖိထိဉ်ကိးကနၢ | *Thunia alba* **Lindl. Rchb. f.** | | | |
| ၁၂၀ | ဖိသံတမူဃး | *Vanda bensonii* **Bateman.** | II | | |
| ၁၂၁ | ဖိသံတမူလါ | *Vanda bensonii* **Bateman.** | II | | |
| စုစုပေါင်းသစ်ခွပန်း မျိုးစိတ် ၁၂၁ မျိုး | | စုစုပေါင်းသစ်ခွပန်းမျိုးစု ၃၇ မျိုး | | | |

*Abdominea, Acampe*

## နောက်ဆက်တွဲ (၂) သစ်ခွပန်းမျိုးစိတ်၊ ဒေသအမည်နှင့် သိပ္ပံအမည်



ဖီကၢါခိဉ် – *Abdominea minimiflora* **Hook. f.**



ဖိမ့ၤယှ့ကံာ်ဘိ – *Acampe ochracea* **Lindl.**



ဖိမှ့၊ဃ့ဒိန်ပျု၊ – *Acampe praemorsa* **Roxb.**



ဖိထွံန်မဲၢ်ဝါသး – *Aerides rosea Loddiges* **ex Lindl.**

*Ascocentrum*



ဖီဘံဒ်ဘုလုးစ၊ – *Ascocentrum pusillum* **Aver.**




ဖီဘံဒ်ဘုဂီ – *Ascocentrum curvifolium* **Lindley.**

*Ascocentrum, Bulbophyllum*



ဖိဘံဉဘ့လုး – *Ascocentrum ampullaceum* **Roxb.**



ဖိကိၠးကု – *Bulbophyllum membranifolium* **Hook. f.**

*Bulbophyllum*



ဖီပစိၣ်ပျူၤ – *Bulbophyllum capillipes* **Rchb.f.**



ဖီယိၤဟီၣ်မဲၢ်ဘီ – *Bulbophyllum elassonotum* **Summerh.**



ဖီတၢ်ပျှၤဃးဒီသံၣ် – *Bulbophyllum picturatum* **Rchb.f.**



ဖီရူနၢ်သၢပျှၤ – *Bulbophyllum bifurcatoflorens* **Fukuy.**



ဖိယိုဟိန်မဲ၊လုး – *Bulbophyllum lilacinum* **Ridl.**



ဗီကျူးသ့ဉ်ဘီ – *Bulbophyllum exiguum* **Unknow.**

*Bulbophyllum*



ဖီရူနၢ်လွ့ၢ်သဉ်
*Bulbophyllum siamense* **Rchb.f.**



ဖီယီၤဟီဉ်မဲၢ်ဃး
*Bulbophyllum careyanum* **Hook.**



ဖီတၢ်ပျူၤဘီဒီသံဉ် – *Bulbophyllum retusiusculum* **Rchb. f.**



ဗိဘုစဲလေ့ခိုင် – *Bulbophyllum hirtum* **Lindl.**



ဗိပွင်ဖီး – *Bulbophyllum sanitii* **Seidenf.**



ဖိနိုဉ်ဝါ – *Bulbophyllum longipes* **Rchb.**



ဗီဘုစဲ – *Bulbophyllum rufinum* **Rchb.f**



ဖိဂံၢ်ခိဉ် – *Chiloschista exuperei* **Guillaumin.**



ဖီဖသိ – *Coelogyne brunnea* **Lindl.**

*Bulbophyllum, Cirrhopetalum*



ဖိဘိဂိုပျှ၊ – *Bulbophyllum sillenianum* **Rchb.f.**



ဖိတော်ပျှ၊လုံးခိုင်သံနှ – *Cirrhopetalum strangularium* **Rchb. f**



ဖီစဲဝါသား – *Cleisostoma fuerstenbergianum* **Kranzl.**



ဖီဝါပျူလုံးစိ – *Cleisostoma linearilobatum* **Seidenf.**



ဖီဒိန်ပျူကေဖူန်ယး – *Coelogyne fimbriata* **Lindl.**




ဗီတယ့်ဗီ – *Cleisostoma racemiferum* **Lindl.**



ဖီလိကီ – *Dendrobium chrysotoxum* **Lindley.**

*Cymbidium, Coelogyne*



ဖီဂီကာံ
*Cymbidium bicolor* **Lindl.**



ဖီဖဲသူပျူ၊
*Coelogyne triplicatula* **Rchb.f.**



ဖီဖဲသိဃးသး – *Coelogyne lentiginosa* **Lindl.**



ဖိသ့ဉ်ဓိၤဒ့
*Coelogyne nitida* **Lindley.**



ဖိစ့ဘီပျ့ၤ – *Coelogyne schultesii* **S.K.Das.**



ဖိဒိဉ်ပျ့ၤရူပျ့ၤ – *Coelogyne pallens* **Ridl.**

*Dendrobium*



ဖီဂံါထံဘီကဝီသး – *Dendrobium crystallinum* **Rchb. f.**



ဖီဝဉ်ဒ့လါနီ
*Dendrobium fytchianum* **Bateman.**



ဖီဂ့ါထံသူသး
*Dendrobium falconeri* **Hook. f.**



ဖီမုံ့ယါ – *Dendrobium compactum* **Rolfe.**



ဖီဒီညဉ်ဒီဒ္ – *Dendrobium fimbriatum* **Hooker.**



ဖီဒီညဉ်ကမ်ာ – *Dendrobium chrysanthum* **Wallich.**



ဖီသးကလး – *Dendrobium heterocarpum* **Wall.**

*Dendrobium*



ဖိဂံကံာလုး – *Dendrobium primulinum* **Lindley.**

*Dendrobium*



ဖိနၢ်စဲၤဒိဉ်ခိဉ် – *Dendrobium gregulus* **Seidenf.**



ဖိဆိုဘီဆူဉ် – *Dendrobium senile Parish ex* **Rchb.f.**

*Dendrobium*



ဖိဘူပျူဂေိ – *Dendrobium scabrilingue* **Lindley.**



ဖိဂံၢ်ထံဒိဉ်ဒ့ –*Dendrobium pendulum* **Roxb.**

*Dendrobium*



ဖီကမ်ာ – *Dendrobium pinifolium* **Ridl.**



ဖိဒွန်သိဘီ – *Dendrobium sutepense* **sub. spp.**



ဖီဂွါထံဘီသးကဖှ့ၣ် – *Dendrobium devonianum* **Paxton.**



ဖီထိန်ကံန်ဘီလါ – *Dendrobium densiflorum* **Lindl.**

*Dendrobium*



ဗိဘုချံဂိ – *Dendrobium cariniferum* **Reichb.f.**



ဖီမှ်ၟဃါလါသး – *Dendrobium eriiflorum* **Griff.**




ဖီဝဉ်ဒုဝါ – *Dendrobium crumenatum* **Swartz.**

*Dendrobium*



ဖီတမူအဲန် – *Dendrobium infundibulum* **Lindley.**



ဖိန္ဒ်သိဝါ – *Dendrobium sutepense* **Rolfe ex.**



ဖိဝဉ်ဒွဘီသး – *Dendrobium luteolum* **Bateman.**



ဖိဂံၢ်ကံာ်လုး – *Dendrobium aphyllum* **Roxb.**

*Dendrobium*



ဖိသဲးဘိ
*Dendrobium lindleyi* **Steud**



ဖိဆိုဂီၤ
*Dendrobium unicum* **Seidenfadden**



ဖိခိန်ညါ – *Dendrobium parcum* **Rchb.f.**



ဖိဘီဘီ (ဖိဆိုဘီ) – *Dendrobium trigonopus* **Rchb. f.**



ဖိဒွဲန်ထံ – *Dendrobium exile* **Schltr.**



ဖီဂ့ၢ်ထံသူခံက့သး – *Dendrobium wardianum* **Warner.**



ဖီထိန်ကံန်ဘီ (ဖီဘုချုံ) – *Dendrobium thyrsiflorum* **Rchb.f.**

*Diploplora, Dendrobium*



ဖိဒိန့်ပျူဘုံးနှ – *Diploplora truncata* **Roffe.**



ဖိဆီဒံန့်တကီ – *Dendrobium stuposum* **Lindl.**



ဖီဘုခွဲဒိ – *Eria globulifera* **Seidenf.**



ဖီစုညါ – *Eria tomentosa* **J.König.**

*Eria*



ဗီညဉ်မဲ – *Eria muscicola* **Lindl.**



ဗီတအု – *Eria obesa* **Lindl.**



ဖီတီနှံလန် – *Eria ornata* **Lindl.**



ဖိဒိန်ဒွယ်းပျှာ – *Eria amica* **Rchb. f.**

*Eria*



ဖိဆန်ဘိ – *Eria pannea* **Lindl.**



ဖိစုညါ – *Eria tomentosa* **J.König.**

*Epigeneium*



ဗိသူပျှ၊ – *Epigeneium amplum* **Lindl.**

*Eria, Flickingeria*



ဖိဒိနှ်ဒ့ဘိပျု၊ – *Eria xanthocheila* **Ridl.**



ဖိချုံးပျု၊ဘိ – *Flickingeria macraei* **Lindl.**



ဖီခ့ဘှ – *Gastrochilus bellinus* **Rchb.f**



ဖီထွံၣ်ဖါညဲညီၤ – *Luisia macrantha* **Blatt.**

*Micropera, Otochilus*



ဖိထွံဲ့နှ်မဲ့ – *Micropera rostrata* **Roxb.**



ဖိကပ္ၤ – *Otochilus albus* **Lindl.**



ဖီသူကံ၊ – *Ornithochilus difformis* **Schlechter.**

*Oberonia, Paphiopedilum*



ဖိမုဉ်အှ့ – *Oberonia falconeri* **Hook.f.**



ဖိနၢ်ဒၢ – *Paphiopedilum villosum* **Lindl.**

*Pholidota, Panisea*



ဖိစ့သုဉ် – *Pholidota convallariae* **Hook.f.**



ဖိသိလဉ်ဘိ – *Panisea tricallosa* **Rolfe.**

*Panisea, Pholidota*




ဖီသိလာ် – *Panisea uniflora* **Lindl.**



ဖီပ့ၢ်ဘဲ – *Pholidota articulata* **Lindl.**



ဖိကၢ်ပိုဉ် – *Pinalia stricta* **Lindley.**



ဖိသ့ဉ်ဟိဉ်ဒ့ – *Pleione maculata* **Lindl.**


*Porpax, Thunia, Rhynchostylis*



ဖိထိန်ကံ့နိန်
*Porpax lanii* **Seidenf.**



ဖိထိန်ကီးကနာ
*Thunia alba* **Lindl. Rchb. f.**



ဖိထွံ့န်မဲၢ်ပိၢ်ဝဲ – *Rhynchostylis retusa* **Blume.**



ဗိဟုန်း – *Schoenorchis gemmata* **Lindl.**



ဗိပစီထံ – *Smitinandia micrantha* **Lindl.**

*Sunipia*



ဗီတဆဲာ်ကိဉ်ဘီပျု – *Sunipia rimannii* **spp (Unknow)**



ဖိဒးဘိ – *Thrixspermum centipeda* **Lour.**



ဖိသံတမူလါ – *Vanda coerulea* **Griff.**



ဖီသံတမူဃး – *Vanda bensonii* **Bateman.**

## စောအိုမူးအား အောက်မေ့အရိုအသေပေးဂုဏ်ပြုခြင်း

*ဌာနေကရင်တိုင်းရင်းသားအခွင့်အရေးအတွက် တိုက်ပွဲဝင်သူလူထုခေါင်းဆောင် မြန်မာစစ်တပ်၏ သေနတ်အောက်၌ ကျဆုံးသွားခြင်း*

စောအိုမူးအား ၁၉၇၅ ခုနှစ်၊ ဇူလိုင်လတွင် လယ်မူပလောဒေသရှိသူ၏မိဘများလယ်တဲပေါ်တွင် မွေးဖွားခဲ့သည်။ (အချို့က သူ့ကို လယ်ဝါးဖေါပါဟုခေါ်သည်။ အဓိပ္ပါယ်မှာ လယ်ဝါးဖေါ၏ဖခင် ဖြစ်သည်။) လယ်မူပလောရွာ၌ အလယ်တန်းကျောင်းအောင်မြင်သည်အထိ ကျောင်းတက်ခဲ့ပြီးသည့်နောက်တွင် စောအိုမူးသည် ကျောင်းထွက်ကာ သူ့မိဘများလုပ်ကိုင်လာခဲ့သည့် မိရိုးဖလာ လယ်ယာလုပ်ငန်းတွင် ဝင်ရောက်ကူညီလုပ်ကိုင်ခဲ့သည်။ ၁၉၉၇ ခုနှစ်နေက်ပိုင်းတွင် လယ်မူပလောရွာသည် မြန်မာတပ်မတော်၏ ထိုးစစ်နှင့် ကျေးရွာမီးရှို့ဖျက်ဆီးမှုများကြောင့် ပျက်စီးခဲ့ရသည်။

စောအိုမူးသည် စစ်ဘေးကြောင့် ပြည်တွင်းပုန်းရှောင်ဒုက္ခသည်တဦးဖြစ်ခဲ့ရသလို ၂၀၀၃ ခုနှစ်တွင် တောတွင်းရှိ စစ်ပြေးဒုက္ခသည်တိမ်းရှောင်နေထိုင်ရာနေရာ တနေရာ၌ နော်ဖေါသာနှင့်အိမ်ထောင် ကျခဲ့သည်။ သူအိမ်ထောင်ကျခဲ့သည့်အချိန်မှစပြီး သေဆုံးသွားသည်အထိ သားသမီးရတနာ ၇ ဦး ထွန်းကားခဲ့သည်။

၂၀၀၆ ခုနှစ်မှစပြီး သူသည် ဒေသတွင်းသဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးကွဲသုတေသနပြုလုပ်ရေးခေါင်းဆောင်တဦးအဖြစ် KESAN နှင့်အတူတူလက်တွဲအလုပ်လုပ်ခဲ့သည်။ ၂၀၁၀ ခုနှစ်၌ သူသည် ကဆောထယ်သစ်တောအတွင်း မျောက်လွှဲကျော်နှင့်ပတ်သက်ပြီးသုတေသနများပြုလုပ်ခဲ့သည်။ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့အ ကြား၌ကဆောထယ်ကျေးရွာပိုင်ဘုံသစ်တော၏ ကော်မတီချုပ်တဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ်ကနေစပြီး မြန်မာတပ်မတော်မှ သူ့အားပစ်သတ်ခဲ့သည့် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့အထိ သူသည် လူသောဖေါဒေးအဖွဲ့၏ ဇီဝမျိုးကွဲထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သုတေသနပြုလုပ်ရေးတာဝန်ခံတဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

စောအိုမူးသည် KESAN နှင့် နီးနီးကပ်ကပ် လက်တွဲလုပ်ကိုင်လာခဲ့သူလုပ်ဖေါ်ကိုင်ဖက်တဦးဖြစ်ပြီး ဒေသတွင်း၌ သူသည် တောရိုင်းတိရစ္ဆာန်၊ လင်းနို့၊ ဖား၊ ငါးနှင့် ပန်းမန်သစ်ပင်၊ စသည်များနှင့်ပတ်သက်သည့် ဇီဝမျိုးကွဲသုတေသနများကိုဦးဆောင်လာခဲ့သူတဦးဖြစ်သည်။ သူလေ့လာရရှိသောအချက်အလက်များကို မှတ်တမ်းအဖြစ် စုဆောင်းရေးသားကာ လက်စွဲစာအုပ်ထုတ်လုပ်နိုင်ရန်အတွက် သူကြိုးပမ်းလာခဲ့သည်။သူသည်စာရေးဝါသနာပါသူတဦးဖြစ်သည်။ သူရေးသားခဲ့သောအကြောင်းအရာအများစုကို KESAN ၏ သုံးလကော်ဝေမဂ္ဂဇင်းတွင် အကြိမ်ပေါင်းများစွာ ထည့်သွင်းဖေါ်ပြလေ့ရှိသည်။

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဌာနေတိုင်းရင်းသားများနေ့၏အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့တွင် ကဆောထယ်ကျေးရွာပိုင်ဘုံသစ်တော

အကြောင်းကို ရိုက်ကူးတင်ဆက်ထားသော ရုပ်သံမှတ်တမ်းအား မိတ်ဆက်ပြသထုတ်ပြန်ရာတွင် စောအိုမူးသည် ကိုယ်တိုင်ကိုယ်ကျ သွားရောက်ပါဝင်ကူညီခဲ့သည်။

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလထဲတွင် စောအိုမူးသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းရှိ အခြားသော ဌာနေကရင်တိုင်းရင်းသားလူထုခေါင်းဆောင် ၁၂ ဦးနှင့်အတူ Indigenous and Community Conserved Areas (ICCAs) ခေါ် ဌာနေတိုင်းရင်းသားနှင့် အများပြည်သူထိန်းသိမ်းစောင့်ရှောက်စီမံခန့်ခွဲသောနယ်မြေ၏အကြောင်းကိုလေ့လာသင်ယူရန် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့၊ ညနေ ၅ နာရီ မိနစ် ၂၀ အချိန်တွင် စောအိုမူးသည် လူထုအစည်းအဝေးမှ ၎င်းနေအိမ်သို့ပြန်သည့်အချိန်တွင် မြန်မာတပ်မတော်၏စောင့်ကြည့်ပစ်ခတ်မှုကိုခံခဲ့ရကာ သေဆုံးသွားခဲ့ရသည်။ စောအိုမူးရုတ်တရက်ပစ်သတ်ခံရမှုသည် ကရင်ဌာနေတိုင်းရင်းသားလူထုနှင့် KESAN အဖွဲ့အစည်းအတွက် အလွန်ကြီးမားသော ဆုံးရှုံးမှုတခုဖြစ်သည်။ သူ၏ရုပ်အလောင်းကိုပင်လျှင် မြန်မာတပ်မတော်က သေသေချာချာပြန်လည်ပေးအပ်ခြင်းမရှိပါ။ ကမ္ဘာကြီးနှင့် ဌာနေကရင်တိုင်းရင်းသားလူထုတို့၏ အခွင့်အရေးအတွက်၊ ငြိမ်းချမ်းရေးအတွက် မိမိဘဝတခုလုံးအား ပုံအပ်ကြိုးပမ်းခဲ့သောစောအိုမူးကို ဆုံးရှုံးလိုက်ရခြင်းအတွက် မူတြော်ခရိုင်ဌာနေကရင်တိုင်းရင်းသားလူထုနှင့် KESAN အဖွဲ့သားအားလုံးမှာ အလွန်ဝမ်းနည်းကြေကွဲရပါသည်။

ဌာနေကရင်တိုင်းရင်းသားလူထု၏ ဓလေ့ထုံးတမ်းယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဘိုးဘွားမြေ "ကော်" စနစ်များကို မြေတောင်မြှောက်ပေးရေးများတွင် မိမိကိုယ်ကိုပေးဆပ်တိုက်ပွဲဝင်ခဲ့သည့်အပြင် လူသောဖေါ်ဒေးအဖွဲ့၏ ကျေးရွာပိုင်ဘုံသစ်တောတာဝန်ခံတဦးပီသစွာ ကျေးရွာပိုင်ဘုံသစ်တောလုပ်ငန်းများတွင် ထိရောက်စွာ ဦးဆောင်လာခဲ့သည့်စောအိုမူးကို ကျွန်ုပ်တို့အားလုံးက အမြဲသတိရလွမ်းဆွတ်နေမည်ဖြစ်သည်။ စောအိုမူး၏သေဆုံးမှုကို ကျွန်ုပ်တို့မည်သောအခါမျှ မေ့မည်မဟုတ်သလို သူ၏ပြင်းပြသောစိတ်ဆန္ဒသည် ဌာနေကရင် တိုင်းရင်းသားလူထုအကြားတွင် ထာဝစဉ်ဆက်လက်ရှင်သန်နေမည် ဖြစ်သည်။



ဒို့မျာပလိုင်းအလွန်လှ ... ကြိမ်ကနတ်ဖြင့် ကွပ်တော့မှ
ပန်းမန်သစ်ခွစုံလင်လှ ... လူမှုဘဝသာယာလှ၊
ပင်စည်ပေါ်က ပန်းသစ်ခွ - ထာဝစဉ်ပွင့်လန်း ပင်စည်မနွမ်းသမျှ

